**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**စိုက်ပျိုးရေးဦးစီးဌာန**

**သီးနှံကာကွယ်ရေးဌာနခွဲ**

စာအမှတ်၊ PPD - ၀၁ / ၂၀၂၆ ( ၃၇၉ )

ရက်စွဲ ၊ ၂၀၂၆ခုနှစ် ၊ ဇွန်လ ၁၉ ရက်

**အကြောင်းအရာ။** **ပြောင်းသီးနှံတွင် ကျရောက်သော ဖောငမြောင်တောင် ကြိုတင်ကာကွယ်နိုင်ရန် သတိပေးချက်ထုတ်ပြန်ခြင်း။**

၁။ ရာသီဥတုပြောင်းလဲလာခြင်းကြောင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် အရေးကြီးသီးနှံဖြစ်သော မိုးရာသီပြောင်းစိုက်ခင်းများ၌ ဖောငမြောင်တောင်ဖျက်ပိုး အချိန်မရွေး ကျရောက်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ မိမိတို့၏ တိုင်းဒေသကြီး / ပြည်နယ်များအတွင်း စိုက်ပျိုးထားရှိသော ပြောင်းသီးနှံစိုက်ခင်းများတွင် ဖောငမြောင်တောင် ကျရောက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ဆောင်ရွက်ရမည့် ဖျက်ပိုးကာကွယ်နှိမ်နင်းရေး နည်းလမ်းများအား လုပ်ဆောင်နိုင်ရန် သတိပေးချက်ပေးပို့ခြင်းနှင့် ထူးခြားဖြစ်စဉ်ဖြစ်ပေါ်မှုများရှိပါက သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)သို့ ချက်ချင်းသတင်းပို့ရန် အကြောင်းကြားပါသည်။

၁၉.၆.၂၀၂၆

ခင်လှိုင်

ညွှန်ကြားရေးမှူး

**တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး(......................)**
**စိုက်ပျိုးရေးဦးစီးဌာန**

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ၊ တိုင်းဒေသကြီး/ပြည်နယ်၊ စီမံ/စီမံကိန်း/ငွေစာရင်း)၊ စိုက်ပျိုးရေးဦးစီးဌာန

ရုံးလက်ခံ

## ဖောင်မြောင်တောင်ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ

(၁) ထယ်ထိုးထွန်မွှေနက်နက်ပြုလုပ်ပါ။ (လောက်ကောင်နှင့် ရုပ်ဖုံးများသေစေရန်)

(၂) ပေါင်းမြက်များအား ရှင်းလင်းပါ။ ပင်ကြွင်းပင်ကျန်များအား မီးရှို့ပါ။

(၃) မစိုက်မီ မြေကြီးထဲသို့ တမာကြိတ်ဖတ် (၅၀-၆၀) ပိဿာ/ဧက ထည့်သွင်းပါ။

(၄) သက်တမ်းတူသော မျိုးများကို စိုက်ချိန်တစ်ပြိုင်နက်ထဲ စိုက်ပျိုးပါ။

(၅)မစိုက်မီမျိုးစေ့အားအီမီဒါကလိုပရစ် (Imidacloprid 600FS,70SS) ဆေးဖြင့်အညွှန်းအတိုင်း လူးနယ်စိုက်ပျိုးပါ။

(၆) သီးညှပ်စိုက်ပျိုးပါ။ (ပဲစဉ်းငုံ၊ ပဲလွန်း၊ ပဲပုပ် ၊ ကြက်သွန်နီ၊ နေကြာ အစရှိသဖြင့် မိမိဒေသအလိုက်သင့်တော်မည့်သီးနှံ)

(၇) ဖိရိုမုန်းထောင်ချောက်များဖြင့် စိုက်ခင်းအတွင်းရှိ ဖလံထီးများအား ဖမ်းယူ ကင်းထောက်ပါ။

(၈) ဥမြုံနှင့်လောက်ကောင်များအား လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၉)လောက်ကောင်များ သေစေရန် အရွက်အဝိုက်များအတွင်းသို့ မြေကြီး၊ ဆပ်ပြာမှုန့်၊ ဆေးရွက်ကြီးမှုန့်၊ ပြာ၊ လွှစာမှုန့်၊ ငရုတ်သီး၊ ကြက်သွန်ဖြူဖျော်ရည်များအား ထည့်ပေးပါ။

(၁၀) Trichogramma (ဥကပ်ပါးနကျီ) များအား စိုက်ခင်းအတွင်းလွှတ်ပေးပါ။ (၁၀-၁၂ ကဒ်/ဧက)

(၁၁) အပင်ငယ်စဉ်အချိန် အပင် (၅၀)တွင် (၁၀)ပင်နှင့် အထက်၊ အဖူးဝင်ပြီး အပင်မျိုးပွားချိန်တွင် အပင်(၅၀) ဥ၏၌ (၂၀) ပင်နှင့်အထက် ဖျက်ပိုးကျရောက်မှု တွေ့ရှိပါက ထိသေ၊ စားသေအာနိသင်ရှိ ပိုးသတ်ဆေးများအား ဆေးအညွှန်းအတိုင်း အလှည့်ကျ ပက်ဖျန်းပါ။

- ဖလူဗန်ဒိုင်ရာမိုက် (Flubendiamide)
- ကလိုရန်ထရန်နီလီပရိုး (Chlorantraniliprole)
- အင်ဒိုဇာကတ် (Indoxacarb)
- အီမာမက်တင်ဘန်ဇိုအိတ် + လန်မ်ဒါဆိုင်ဟေလိုသရင် (Emamectin benzoate+ Lambda-cyhalothrin)
- ဆိုင်ပါမီသရင် (Cypermethrin)
- ကလိုဖီနာပြာ (Chlofenapyr)
- ဘက်တီးရီးယား (*Bacillus thurigiemsis*)

ပိုးသတ်ဆေးယဉ်ပါးမှုမဖြစ်ပေါ်စေရန် အညွှန်းစာ၌ ပါရှိသော ဆေးနှုန်းထားပြည့်မီစွာ ပက်ဖျန်းရန်နှင့် မတူညီသော ဆေးအုပ်စုများအား အလှည့်ကျသုံးစွဲပါ။